အပိုင်း ၁

## အိမ်၌ရှိသောကလေးများအတွက် Cha Ching

# ဝင်ငွေရှာခြင်း




မိဘလမ်းညွှန်

Cha-Ching

www.Cha-Ching.com

တွဲ့မြင်ရမည့်အတိုင်း

CARTOON NETWORK

သင်တို့ထံသို့

PRUDENCE FOUNDATION

© 2020 Prudence ဖောင်ဒေးရှင်းမှ၊ မူပိုင်ခွင့်များရယူပြီး ဖြစ်ပါသည်။

# ခြုံငုံသုံးသပ်ချက်



သင်  မစတင်ခင်မှာ Cha–Ching အကြောင်း အနည်းငယ်ပြောပြပါမယ်။

## Cha–Ching ဆိုတာ ဘာလဲ။

Cha–Ching သည် Prudence ဖောင်ဒေးရှင်းမှ တည်ထောင်ထားသော အသက် ၇ နှစ်မှ ၁၂ နှစ်အရွယ်ကလေးများ အတွက်ရေးဆွဲထားသော ဘဏ္ဍာရေးဆိုင်ရာ ပညာပေး အစီအစဉ်ဖြစ်သည်။ Cha–Ching အစီအစဉ်သည် ကလေးများ အား ဘဏ္ဍာရေးဆိုင်ရာတာဝန်ယူနိုင်ရန် လိုအပ်သောဗဟုသုတများ၊ အထောက်အကူပြုပစ္စည်းများနှင့် နည်းနာများကိုပို့ချ သင်ကြားပေးရန် ရည်ရွယ်သည်။ Cha–Ching အစီအစဉ်တွင် ပါဝင်သော အကြောင်းအရာများမှာ –

- ကာတွန်းကွန်ယက်နှင့် ကျော်ကြားသောပညာရေးပါရဂူ ဒေါက်တာအဲလစ်ဝိုင်းလ်ဒါတို့နှင့်ပူးပေါင်း၍ တီထွင်ခဲ့သော ဂီတဗီဒီယိုများနှင့် ရုပ်ပြစာအုပ်များနှင့်
- ကမ္ဘာ့အကြီးဆုံး လူငယ်များဆိုင်ရာ NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Junior Achievement (အာရှပစိဖိတ်) နှင့်ပူးပေါင်း၍ တီထွင်ခဲ့သည့် လှုပ်ရှားမှုအခြေပြုသင်ကြားမှုများပါဝင်သည့် စနစ်တကျ ပြုစုထားသော ကျောင်းသင်ရိုးညွှန်းတမ်းတို့ ဖြစ်သည်။ Cha–Ching သင်ရိုးညွှန်းတမ်းကို အာရှနှင့် အာဖရိက နိုင်ငံများရှိ ကျောင်းများတွင် အသုံးပြုလျက်ရှိသည်။

## ဘာဖြစ်လို့ Cha–Ching ကို ဖွဲ့စည်းခဲ့တာလဲ။


ဘဏ္ဍာရေးဆိုင်ရာတတ်မြောက်မှုသည် လူတိုင်းနှင့်သက်ဆိုင်သည့် ဘဝအတွက်အရေးပါသော ပညာရပ်တစ်ခုဖြစ် သော်လည်းပညာရေးစနစ်များတွင် မကြာခဏသင်ကြားလေ့ မရှိသော ဘာသာရပ်တစ်ခုဖြစ်သည်။ သုတေသနတွေ့ရှိချက် များအရ ငွေကြေးဆိုင်ရာအလေ့အထများနှင့် ပတ်သက်သော အပြုအမူများသည်ငယ်စဉ်ကလေးဘဝတွင် ပုံမှန်အားဖြင့် ဖြစ်ပေါ်လေ့ရှိသည်။ အစောပိုင်းအသက်အရွယ်၌ ငွေကြေးနှင့်ပတ်သက်သော ကိစ္စရပ်များကို အခြေခံနားလည်မှုရှိခြင်း သည်လူတစ်ဦးတစ်ယောက်၏ အနာဂတ်ဘဏ္ဍာရေးကိစ္စများအပေါ် သိသာသောသက်ရောက်မှုရှိနိုင်သည်။ ထိုအကြောင်း ကြောင့် Prudence ဖောင်ဒေးရှင်းမှ ကလေးများအား အခြေခံကျသော ငွေကြေးကို အကျိုးရှိစွာ ကိုင်တွယ်နည်းကဏ္ဍ လေးခုဖြစ်သည့်ဝင်ငွေရှာခြင်း၊ စုဆောင်းခြင်း၊ သုံးစွဲခြင်းနှင့် လှူဒါန်းခြင်း စသည်တို့ကိုသင်ကြားရန် Cha–Ching အစီအစဉ်ကို တီထွင်ခဲ့သည်။

## Cha–Ching Kid$ At Home က ဘယ်လိုအထောက်အကူပြုလဲ။

Cha– Ching Kid$ At Home အစီအစဉ်တွင် မိဘများအတွက် သင်၏ကလေး များအားအခြေခံငွေကြေးစီမံခန့်ခွဲမှုစွမ်းရည်ကို သင်ကြားပေးရန် Cha–Ching အဖွဲ့ အစည်းမှ စနစ်တကျ ပြုစုထားသောကျောင်းသင်ရိုးညွှန်းတမ်းများတွင် သင်ကြား နည်းလမ်းညွှန်ချက်များ ပါရှိပါသည်။

Cha–Ching ရဲ့ငွေကြေးကဏ္ဍလေးခုဖြစ်သည့် ဝင်ငွေရှာခြင်း၊ စုဆောင်းခြင်း၊ သုံးစွဲခြင်းနှင့် လှူဒါန်းခြင်းတို့ကို လိုက်နာခြင်း ဖြင့်သင်၏ကလေးကို လုံခြုံသော ဘဏ္ဍာရေး အနာဂတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်လိုက်ပါ။ ကဏ္ဍတစ်ခုချင်းစီတိုင်းတွင် သင့်ကလေး၏ ဘဏ္ဍာရေးဆိုင်ရာဗဟုသုတများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့်ဆွေးနွေးမှုခေါင်းစဉ် များနှင့် လက်တွေ့လုပ်ဆောင်မှုများဖြင့် သင့်အား လမ်းပြပေးမည်။

နောက်ထပ်အချက်အလက်များမှာ https://chaching.cartoonnetworkasia.com/



# အပိုင်း ၁ : ဝင်ငွေရှာခြင်း

မိဘများ မင်္ဂလာပါ... အိမ်၌ရှိသောကလေးများအတွက် Cha-Ching (Cha-Ching Kid$ At Home) ပထမပိုင်းမှ ကြိုဆိုပါတယ်။ ဒီ**ဝင်ငွေရှာခြင်း**အပိုင်းကနေ ဒါတွေကို သင်ယူရရှိဖို့မျှော်လင့်ပါတယ်။

## ရည်ရွယ်ချက်များ

ပထမဦးဆုံး သင့်ကလေးဟာ အိမ်ပတ်ဝန်းကျင်ရှိ ပစ္စည်းများရဲ့ကုန်ကျစရိတ်ကို နားလည်လာပါလိမ့်မယ်။
**အရာရာတိုင်းဟာ ငွေကြေးကုန်ကျတယ်၊** သင်**တစ်ခုခုဝယ်**ချင်တယ်ဆိုရင် ဝယ်ဖို့ **ပိုက်ဆံလိုတယ်ဆိုတာ** သူတို့သိလာလိမ့်မယ်။

**အကယ်၍ သင်ကငွေရှာချင်တယ်ဆိုရင် အဲဒါအတွက် အလုပ်ကြိုးစားလုပ်ဖို့လိုမယ်ဆိုတာ** သူတို့သိလာလိမ့်မယ်။

ကလေးများအား သူတို့နှစ်သက်သောအရာကို လုပ်ဆောင်ရန်လည်း တိုက်တွန်းလိုပါတယ်။ ဒီကဏ္ဍမှာ **သင့်ကလေးကိုနှစ်သက်သောအလုပ်ကိုလုပ်ခြင်းနှင့်** သင်ယူပြီးသော အရည်အချင်းများကို **တိုးတက်အောင်လုပ်ခြင်းအားဖြင့်ဝင်ငွေရရှိနိုင်တယ်ဆိုတာကို** နားလည်စေရန်ကူညီပါလိမ့်မယ်။

အောက်စာမျက်နှာတွင် သင့်ကလေးအား **ဝင်ငွေရှာနိုင်သည့်** လမ်းကြောင်းပေါ် တင်ပေးနိုင်ရန်အတွက် အဆင့်များကို တစ်ဆင့်ချင်း လမ်းညွှန်သင်ကြားပေးထားပါတယ်။

### သဘောတရားများ

ဝင်ငွေရှာခြင်း

အကုန်အကျခံနိုင်ခြင်း

### ကျွမ်းကျင်မှုများ

- နားထောင်ခြင်း
- လေ့လာခြင်း
- ခွဲခြမ်းစိတ်ဖြာခြင်း
- အစီအစဉ်ချခြင်း
- ဆင်ခြင်စဉ်းစားခြင်း
- အကြံဉာဏ်ထုတ်ခြင်း
- တင်ပြပုံတင်ပြချက်

## ဤကဏ္ဍအတွက် လိုအပ်သော အချိန်အတိုင်းအတာ

မိနစ် ၃၀ မှ ၄၀



# ကလျာအချက်အလက်များ



ဤသင်ခန်းစာ၏အပိုင်း ၄ ပိုင်းကိုအောက်တွင်ဖော်ပြထားသည်။

## ၁. နိဒါန်းနှင့် ဂီတဗီဒီယို

သင်၏ကလေးနှင့်အတူ Cha-Ching ရဲ့ "**ဝင်ငွေရှိဖို့လိုတယ်**" ဂီတဗီဒီယိုကိုကြည့်ပါ

## ၂. အဓိကသဘောတရားများကို ဆွေးနွေးပါ

သင့်ကလေးကိုသူတို့ဗီဒီယိုထဲမှာဘာတွေတွေ့ခဲ့လဲဆိုတာကိုမေးကြည့်ပြီး '**ဝင်ငွေရှာခြင်း**' နှင့် '**အကုန်အကျခံနိုင်ခြင်း**' ဆိုတာ ဘာကိုဆိုလိုသလဲဆိုတာ နားလည်အောင်ကူညီပေးပါ။

## ၃. လှုပ်ရှားမှုအချိန်

- **မီးဖိုချောင်နှင့် ရေချိုးခန်းစာရင်းစာရွက်များကို** အသုံးပြုပြီး အခန်းထဲရှိပစ္စည်းတစ်ခုစီ၏ ကုန်ကျစရိတ်ကို ခွဲခြားသတ်မှတ်ပါ။
- သင့်ကလေးကို သူတို့၏ကိုယ်ပိုင်အခန်းကိုပုံဖော်ရေးဆွဲရန်နှင့် ပစ္စည်းများ မည်မျှကုန်ကျမည်ကို စဉ်းစားရန် အားပေးပါ။
- သူတို့လုပ်ချင်တာကိုလုပ်ပြီး ပိုက်ဆံ ဘယ်လိုရှာနိုင်တယ်ဆိုတာ စဉ်းစားဖို့အတွက် ကူညီပေးပါ။

## ၄. အကျဉ်းချုပ်

အရာအားလုံးဟာ ငွေကုန်ကျကြောင်း သင့်ကလေးကို ပြောပြပါ။
မိဘများသိသည့်အတိုင်း ပိုက်ဆံရရှိဖို့အတွက် အလုပ်ကြိုးစားရမှာဖြစ်ပါတယ်။



## ဘယ်လိုပြင်ဆင်ရမလဲ။

- အောက်ဖော်ပြပါစာမျက်နှာများကို ပြန်လည်သုံးသပ်ခြင်းဖြင့် ဉာဏ်ကဏ္ဍနှင့် အကျွမ်းတဝင်ဖြစ်အောင်လုပ်ပါ။
- Cha-Ching ဂီတဗီဒီယိုလင့်ခ်ကို သင်သေချာပေါက် ဝင်လို့ရအောင်လုပ်ပါ။
- လမ်းညွှန် (စာမျက်နှာ ၅) ထဲမှ အဓိပ္ပါယ်ဖွင့်ဆိုထားသော အဓိကသဘောတရားများကို ပြန်လည်ဆန်းစစ်ပါ။
- **မီးဖိုချောင်၊ ရေချိုးခန်း**နှင့် **ကိုယ်ပိုင်အခန်း စာရင်းစာရွက်များကို** သီးခြားစီ ပရင့်ထုတ်ချင်လျှင် ထုတ်ပါ။
  (သင့်အဖြေများကို pdf စာရွက်စာတမ်းသို့တိုက်ရိုက်လည်းရိုက်ထည့်နိုင်ပါတယ်။)
- စာရွက်များဖြည့်ရန် ဘောပင်များ (သို့) ခဲတံများကို အဆင်သင့်လုပ်ထားပါ။ (အကယ်၍ ပရင့်ထုတ်ထားလျှင် )
- **မီးဖိုချောင်**နှင့် **ရေချိုးခန်းစာရွက်စာတမ်း**များတွင် ဖော်ပြထားသည့်ပစ္စည်းများ၏စျေးနှုန်းကို စဉ်းစားသုံးသပ်ပါ။ သို့မှသာ သင့်ကလေးနှင့် ဆွေးနွေးရန် အဆင်သင့်ဖြစ်နေမှာဖြစ်ပါတယ်။



# ၁. နိဒါန်းနှင့် ဂီတဗီဒီယို

ပိုက်ဆံဘယ်ကနေလာတယ်ဆိုတဲ့ ဗီဒီယိုတစ်ခုကို ကြည့်မယ်လို့ သင့်ကလေးကိုရှင်းပြပါ။

ဒါပေမဲ့ အရင်ဆုံး သင့်ကလေးကို အောက်ပါမေးခွန်းများကိုမေးပါ

- တစ်ယောက်ယောက်က တစ်ခုခုဝယ်ဖို့ ပိုက်ဆံဘယ်လိုရသလဲ။
  **အဖြေတို :** ပိုက်ဆံရဖို့ အလုပ်လုပ်ရမယ်။ ဒါကို **ဝင်ငွေရှာခြင်းလို့**↗ ခေါ်တယ်။
- မင်းအမေ၊ အဖေ သို့မဟုတ် အခြားမိသားစုဝင်များက အလုပ်သွားကြသလား။
- ငါတို့ ဝင်ငွေကို ဘာအတွက်အသုံးပြုသလဲ။
  **အဖြေတို :** စားသောက်ကုန်၊ အစားအစာ၊ သယ်ယူပို့ဆောင်ရေး၊ ကျောင်း၊ အိမ်ထဲတွင် သင်တွေ့ရသမျှအရာတွေအားလုံး၊ စသဖြင့်ပေါ့
- မင်းတစ်ခုခုရှိချင်တယ်ဆိုရင် ငါတို့က မင်းအတွက်ဝယ်ပေးတာလား။
- ငါတို့ဆီကလွဲလို့ မင်းဘယ်လိုပိုက်ဆံရနိုင်မလဲ။

**နိဒါန်း**
၅ မိနစ်

**ဝင်ငွေရှာခြင်း**ဆိုသည်မှာ အလုပ်သို့မဟုတ် ဝန်ဆောင်မှုအတွက် ဝင်ငွေရရှိခြင်းကို ရည်ညွှန်းပါတယ်။

**အကုန်အကျခံနိုင်ခြင်း**ဆိုတာကတော့ တစ်ခုခုဝယ်ဖို့အတွက် ငွေအလုံအလောက်ရှိခြင်းကိုရည်ညွှန်းပါတယ်။

သင့်ကလေးအားရှင်းပြပါ

> ကွဲပြားခြားနားတဲ့အရာတွေကို **ဝယ်နိုင်ဖို့အတွက်**↗ **ဝင်ငွေရှာဖို့**↗ လိုအပ်ပါတယ်။

ဤမေးခွန်းတချို့ကိုဖြေကြားရန် CHA-CHING ဗီဒီယို ကိုကြည့်ပါ။

**CHA-CHING ဗီဒီယို**
"ဝင်ငွေရှိဖို့လိုတယ်" ကြည့်ဖို့ ဒီနေရာကိုနှိပ်ပါ။

**Cha-Ching ဗီဒီယို**
၃ မိနစ်





# ၂. အစီကသဘောတရားများကို ဆွေးနွေးပါ




**မီဒီယိုနှင့် ပတ်သက်ပြီး အောက်ပါမေးခွန်းများကိုမေးပါ။**
အဖြေအနည်းငယ်ကို ဖြေခိုင်းပါ။ ပြီးမှ သင့်ရဲ့ကိုယ်ပိုင်အဖြေကို ပြောပြပါ။

**သဘောတရားများ အပေါ်ဆွေးနွေးချက်**
၅ မိနစ်

- Zul က တီဗွီမှာ ကစားစရာကားကြော်ငြာကိုတွေ့မြင်ခဲ့ပြီး အဲဒီကားကို တကယ် လိုချင်ခဲ့ပါတယ်။ သူ့မိဘတွေက ဘာပြောခဲ့သလဲ။
  **အဖြေတို :** သူတို့က မဝယ်ပေးဘူးလို့ ပြောခဲ့တာပါ
- ဘာလို့ သူ့မိဘတွေက မဝယ်ပေးဘူးလို့ပြောခဲ့တာလဲ။
  **အဖြေတို :** ဘာဖြစ်လို့လဲဆိုတော့ အဲဒီကားက အလကားရမှာမဟုတ်ဘူးလေ၊ ပိုက်ဆံပေးရမှာ မို့လို့ပါ။
- ဒီတော့ Zul က အဲဒီကားရဖို့ဘာလုပ်ရမလဲ။
  **အဖြေတို :** သူအလုပ်လုပ်ပြီးဝင်ငွေရှာရပါမယ်။
- Zul က ကားအတွက်ငွေကို ဘယ်လိုရခဲ့တာလဲ။
  **အဖြေတို :** Zul ဟာ အပင်တစ်ပင်က သူ ခူးထားတဲ့ ပန်းသီးတွေကိုရောင်းပြီး ဝင်ငွေရှာခဲ့တာပါ။
- အဲဒီပိုက်ဆံရှာရတာ လွယ်ကူသလား ခက်သလား။
  **အဖြေတို :** တော်တော်လေးခဲယဉ်းပါတယ် အကြောင်းပြချက်က...
  Zul က သစ်ပင်တွေဆီက အသီးတွေကို ခူးရတယ် ရောင်းချရန်အတွက်သယ်ယူ ပို့ဆောင်ရတယ် စသဖြင့်ပေါ့။

**သဘောတရားဆွေးနွေးချက်**
အောက်ပါမေးခွန်းများကို အသုံးပြု၍ သင့်ကလေးအား ဝေဖန်စဉ်းစားတွေးခေါ်မှုနှင့် ဆွေးနွေးမှု ပြုလုပ်ရန် တိုက်တွန်းပါ။

- လူတွေဘာကြောင့်ပိုက်ဆံလိုတာလဲ။
  **အဖြေတို :** သူတို့ရဲ့ ကိုယ်ပိုင်အရာတွေအတွက် ပေးဖို့ ဖြစ်ပါတယ်။
- လူတွေဘယ်လိုငွေရှာကြသလဲ။
  **အဖြေတို :** လူတွေကအလုပ်သွားပြီးငွေရှာကြတယ်။
- ငွေရှာရတာ လွယ်ကူပါသလား။
  **အဖြေတို :** မလွယ်ကူပါဘူး။ လူတွေဟာ အဲဒါအတွက် အလုပ်ကြိုးစားဖို့ လိုအပ်ပါတယ်။
- ငွေရှာဖို့မင်းဘာလုပ်နိုင်သလဲ။
  **အဖြေတို :** ငါတို့လုပ်နေတဲ့အရာတွေမှာ တကယ် တော်ဖို့ သင်ယူပါ။



# ၃. လှုပ်ရှားမှုအချိန်

**လှုပ်ရှားမှုအချိန်**
၂၀ မိနစ်

**ဈေးနှုန်းမှန်းပါ**

**မီးဖိုချောင်စာရင်း –** သင့်ကလေးနှင့်အတူ မီးဖိုချောင်သုံးပစ္စည်းတွေကိုကြည့်ပြီး ဘယ်လောက်ကုန်ကျကြောင်း သူတို့ကို ရှင်းပြပါ။

**ရေချိုးခန်းစာရင်း –** ရေချိုးခန်းသုံးပစ္စည်းအချို့၏ ကုန်ကျစရိတ်များကို သင့်ကလေးကို ခန့်မှန်းခိုင်းပါ။
ထို့နောက် ဈေးနှုန်းအစစ်အမှန်ကို ပြောပြပါ။ ဤပစ္စည်းအားလုံးက ငွေကြေးကုန်ကျစေသည်ဆိုသည့်အချက်ကို သင့်ကလေး အံ့အားသင့်သွားပါသလား။

**ကိုယ်ပိုင်အခန်း –** သင့်ကလေးအား သူတို့လိုချင်သည့်အခန်းတစ်ခုဆွဲရန်နှင့် သူတို့ရေးဆွဲထားသည့်ပစ္စည်းများ၏ဈေးနှုန်းကို ရေးချရန်တိုက်တွန်းပါ။

သူတို့လိုချင်တဲ့အခန်းမှာပါတဲ့ ပစ္စည်းတွေက ဈေးကြီးလား။ အသင့်အတင့်ပဲလား။
ဈေးကြီးတယ်ဆိုရင် သူတို့ဘယ်လိုဝယ်နိုင်မလဲလို့မေးကြည့်ပါ။

**ဘာအလုပ်မျိုးလုပ်နိုင်လဲ။**

သင့်ကလေးကို ပိုက်ဆံရှာရန် အလုပ်လုပ်ဖို့ လိုအပ်ကြောင်းနဲ့ ဒါကြောင့် အလုပ်မှာ ကျွန်ုပ်တို့နှစ်သက်မှုနဲ့ တက်ကျွမ်းတဲ့အရာတစ်ခု ပါဝင်နေမယ်ဆိုရင် အကောင်းဆုံးပါပဲဆိုတာ ရှင်းပြပါ။

ငွေရှာဖွေရန် နည်းလမ်းများစဉ်းစားသောအခါ သင့်ကလေးအား သူတို့ရဲ့စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုများကိုစဉ်းစားရန်အားပေးပါ။

သင့်ကလေးရဲ့ ဝါသနာနှင့် စိတ်ဓာတ်ပြင်းပြမှုဟာ ဘယ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဦးတည်နေလဲဆိုတာ စဉ်းစားတွေးခေါ်ခိုင်းပါ။

**သူတို့ဂီတကိုနှစ်သက်လား။** သူတို့ဟာ ဂီတထုတ်လုပ်သူတစ်ဦး သို့မဟုတ် တေးဂီတဆရာတစ်ဦးအနေနဲ့ အလုပ်လုပ်နိုင်တယ်။


**သူတို့ပုံဆွဲရတာကိုနှစ်သက်လား။** သူတို့ဟာ ဂရပ်ဖစ်ဒီဇိုင်နာတစ်ယောက် ဒါမှမဟုတ် ဗိသုကာပညာရှင်တစ်ယောက်ဖြစ်နိုင်တယ်။

**သူတို့ အားကစားတွေကို နှစ်သက်လား။** သူတို့ဟာ အားကစားသမားတစ်ဦး သို့မဟုတ် ရူပကုထုံးပညာရှင်တစ်ဦး ဖြစ်နိုင်တယ်။

**သူတို့ ကွန်ပျူတာတွေကို နှစ်သက်လား။** သူတို့ဟာ ပရိုဂရမ်ရေးဆွဲသူ ဒါမှမဟုတ် ကုဒ်ရေးသူဖြစ်နိုင်တယ်။

# မီးဖိုချောင်



ခွက်
ပန်းကန်ပြား
ပန်းကန်လုံး
အပူခံလက်အိတ်အထူ
ဒယ်အိုး
အိုး
ရေခဲသေတ္တာ
ဓား
ဇွန်း
တူ
ပေါင်မုန့်
မိုက်ခရိုဝေ့ဖ်မီးဖို
ခက်ရင်း
ရေနွေးအိုး



# ရေချိုးခန်း



သွားတိုက်တံ
သွားတိုက်တံ
သွားတိုက်တံ
တစ်ရှူးစက္ကူ
ဘီး
ရေချိုးဆပ်ပြာဆီ
ခေါင်းလျှော်ရည်
ဆပ်ပြာ
SHAMPOO
SOAP
တဘက်
အိမ်သာသုံးစက္ကူ
ကလေးဆီးအိုး
ဖျာ

# Cha-Ching သင်ရိုးညွှန်းတမ်း™

# ကိုယ်ပိုင်အခန်း

အမည်



| ပစ္စည်း | ဈေးနှုန်း |
|---|---|
| | |
| | |
| | |
| | |
| | |



အရာအားလုံးက ပိုက်ဆံကုန်ကျတယ်။
သင်လိုချင်တာကို ရဖို့အတွက် ပိုက်ဆံရှာပါ။

**ကျွန်ုပ်ကျွမ်းကျင်တာက... / ကျွန်ုပ်နှစ်သက်တာက...**

၁.
၂.
၃.
၄.
၅.
၆.

**ဝင်ငွေရှာဖို့အတွက် ကျွန်ုပ် လုပ်နိုင်တာ...**

၁.
၂.
၃.
၄.
၅.
၆.

# ၄. အကျဉ်းချုပ်

**အကျဉ်းချုပ်**
၅ မိနစ်

ဂုဏ်ယူပါတယ် သင် ဒီကဏ္ဍရဲ့ နောက်ဆုံးအပိုင်းကို ရောက်ပါပြီ။
သင့်ကလေးနဲ့ လုပ်ရမှာတွေကို ပြန်ကောက်ရသော်...

- **ဝင်ငွေရှာ**တယ်ဆိုတာဘာလဲ
- အိမ်မှာရှိတဲ့ပစ္စည်းတွေက ဘယ်လောက်ကုန်ကျလဲဆိုတာ သိတာကနေ ဘာတွေသင်ယူခဲ့လဲ။
- သင့်အိမ်ရှိအရာအားလုံးအတွက် ပိုက်ဆံဘယ်ကနေလာတာလဲ။
- ကြီးပြင်းလာတဲ့အခါ ငွေရှာရန် ဘာလုပ်ချင်ပါသလဲ။

အရာရာတိုင်းဟာပိုက်ဆံကုန်ကျတယ် ကိုယ်လိုချင်တဲ့အရာတွေကို ဝယ်ဖို့အတွက် ပိုက်ဆံရှာဖို့ အလုပ်ကြိုးစားရမယ်ဆိုတာ သင့်ကလေးကိုသတိပေးပါ။

**စိတ်ကြိုက်ရွေးချယ်ရန်**

သင့်ကလေးစိတ်ဝင်စားပါက ဂီတဗီဒီယိုကိုပြန်ဖွင့်ကြည့်ပါ။ သို့မဟုတ် ကျွန်ုပ်တို့ ဝက်ဘ်ဆိုက်ပေါ်က အခြား Cha-Ching အပိုင်းများကိုကြည့်ပါ။

နောက်ထပ် Cha-Ching အပိုင်းများကိုကြည့်ရန် ဤနေရာတွင်နှိပ်ပါ။

မေးခွန်းများ သို့မဟုတ် မှတ်ချက်များအတွက်
ကျေးဇူးပြု၍ အီးမေးလ်ပို့ပါ။

prudence.foundation@prudential.com.hk



**Prudence ဖောင်ဒေးရှင်းအကြောင်း**

Prudence ဖောင်ဒေးရှင်းသည် အာရှနှင့် အာဖရိကရှိ Prudential ၏ လက်အောက်ခံ လူမှုဖူလုံရေးရင်းနှီးမြှုပ်နှံမှုအဖွဲ့ဖြစ်သည်။ ၎င်း၏ရည်မှန်းချက်မှာ ပညာရေး၊ ကျန်းမာရေးနှင့် ဘေးကင်းရေးကို မြှင့်တင်ပေးခြင်းအားဖြင့် လူမှုအသိုင်းအဝိုင်းများ၏ အနာဂတ်ကို လုံခြုံစေရန်ဖြစ်သည်။ ဖောင်ဒေးရှင်းသည် ၎င်းတို့ အားထုတ်မှုများ၏ အကျိုးသက်ရောက်မှုကို တိုးမြှင့်နိုင်ရန် ဒေသဆိုင်ရာအစီအစဉ်များသာမက ဒေသတွင်းဆိုင်ရာအစီအစဉ်များကို NGO များ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းလုပ်ဆောင်နေသည်။ Prudence ဖောင်ဒေးရှင်းသည် Prudential ၏ ရေရှည်အတွေးအခေါ်နှင့် ပထဝီအနေအထားကို အသုံးပြုပြီး လူမှုအသိုင်းအဝိုင်းများ လုံခြုံစိတ်ချစေရန်၊ ခံနိုင်ရည်ရှိစေရန်နှင့် ပိုမိုတိုးတက်ပြောင်းလဲရန် ကြိုးပမ်းလျက်ရှိသည်။ ဖောင်ဒေးရှင်းသည် ဟောင်ကောင်မှတ်ပုံတင်ထားသော ကုသိုလ်ဖြစ်အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ပိုမိုသိရှိလိုပါက သွားရောက်ကြည့်ရှုပါ www.prudencefoundation.com